Legacy Team

# ကောရာဇ်ရဲ့ ချစ်လှစွာသော ရုပ်ဆိုးမလေး

စာစဉ်-၂



# ကောရာဇ်ရဲ့ချစ်လှစွာသောရုပ်ဆိုးမလေး
# (စာစဉ်-၂)

## အခန်း ၃၄
## စစ်ယောင်

*

"မယ်တော်"

မယ်တော်ကြီးက အိပ်ရာထဲက မထနိုင်တော့တာကြောင့် ကျုံးဇီဟန်က မယ်တော်ကြီးရဲ့ အိပ်ခန်းထဲကို ဝင်သွားပြီး ရှိသေစွာ ဦးညွှတ်ကာ ကုတင်ဘေးမှာ ထိုင်၍ ကောရီရဲ့ လက်ကို

ညင်သာစွာ ဆုပ်ကိုင်လိုက်သည်။ ကျုံးဇီဟန်က သူမလက်ကို တစ်ကြိမ်ထိလိုက်တာနှင့် မျက်မှောင်ကြုတ်၍

"မယ်တော်ကြီး၊ ဘာလို့ပိန်သွားပြန်ရတာလဲ"

မယ်တော်ကြီးက အဖြေပြန်မပေးချေ။ သူမ မျက်လုံးကို မှေ့ပြီး အိပ်ခန်း ပတ်လည်ကို ကြည့်လိုက်သည် ။ ထို့နောက် နန်းတွင်းသူတိုင်း ရှိသေစွာ ဆုတ်ခွာသွားကြသည်။

"မယ်တော်ကြီး၊ သားတော်ကို စိတ်ဆိုးနေသေးလား"

ကျုံးဇီဟန်သည် မယ်တော်ကြီးကိုကြည့်ကာ သူမ၏လက်ကို ဖြည်းညှင်းစွာ လွှတ်လိုက်သည်။

မယ်တော်ကြီးသည် သူ့ကို အေးစက်စွာ ကြည့်ကာ သက်ပြင်းရှည်ကြီးဖြင့် ခေါင်းယမ်းပြီး

မျက်နှာလွှဲ၍

"မင်း မင်းဝေကို ကောင်းကောင်း စောင့်ရှောက်ပါ့မယ်လို့ စစ်ယောင်ကို ကတိပေးထားတယ်လေ"

မယ်တော်ကြီး၏ တူမ၊ ကျုံးဇီဟန်၏ဝမ်းကွဲ၊ ဧကရီ ရှီစစ်ယောင်သည် နတ်ရွာစံဧကရီဖြစ်ပြီး နန်းကျမင်းသား ကျုံးမင်းဝေကို ဖွားမြင်ပေးသော မိခင်လည်း ဖြစ်သည်။

"စစ်ယောင်သာ သူ့သားတော် ကျူးလွန်ခဲ့တဲ့ ကြီးမားတဲ့ရာဇဝတ်မှုတွေကို သိရင်၊ သူလည်း ကာကွယ်ပေးမှာ မဟုတ်ပါဘူး။ စစ်ယောင်က ဂုဏ်သရေရှိ လေးစားစရာကောင်းဆုံး အမျိုးသမီးပဲ"

မယ်တော်ကြီးက ရုတ်တရက် စိတ်လှုပ်ရှားလာ

သည်။ သူမ၏ လက်ချောင်းများက တုန်ရီက အဝါရောင်မျက်လုံးများက လှုပ်ရှားနေပြီး

"မင်းဝေကို ဒီလိုဆက်ဆံတော့ ငါ့မှာ စစ်ယောင်ကို အိမ်မက်ထဲတောင် မျက်နှာမပြရဲတော့ဘူး"

"အမေ၊ စစ်ယောင်က ကျွန်တော်အိမ်မက်ထဲကို လွှန်ခဲ့တဲ့ ၃၂ နှစ်ကတည်းက တစ်ခါမှပေါ်မလာဖူးဘူး"

"အိမ်မက်ကောင်းရော အိမ်မက်ဆိုးရော တခါမှကို ပေါ်မလာဖူးဘူး အမေ၊ စစ်ယောင်က ဘာဖြစ်လို့ ဒီလောက်ရက်စက်ရတာလဲ"

မိဖုရားကြီးသည် သားတော်၏ ညှိုးငယ်သောမျက်နှာကို ကြည့်ပြီး စိတ်ပျော့လာလေသည်။ သူမ၏ သွေးရင်းသားရင်း ခံစားနေတာကို သူမ ဘယ်လိုလုပ် တောင့်ခံနိုင်မည်နည်း။

"အရှင်မင်းကြီး၊ စစ်ယောင်ကို ဒီလောက်ချစ်ရင် မင်းဝေကို ပိုအာရုံစိုက်ပေးသင့်တယ်။ မင်းဝေကို ဘာလို့ ဒီလောက်အပြစ်ပေးရတာလဲ ဘယ်လိုပဲ ဖြစ်ဖြစ် သူက စစ်ယောင်ရဲ့သားတော်ပဲလေ"

ဧကရာဇ် ကျုံးဇီဟန်ရဲ့လက်ကို ကိုင်ထားရင်း မယ်တော်ကြီး အလျှင်စလိုပြောလိုက်သည်။

"မယ်တော်က နိုင်ငံရေးကိစ္စတွေမှာဝင်မစွက်ဖက်နိုင်တဲ့ မိန်းမတစ်ယောက်ပါ ဒါတောင် မင်းဝေက မတရားစွပ်စွဲခံရတယ်ဆိုတာ သိနေတယ်။ မင်းက အဖေတစ်ယောက်ပဲ၊ ဘာလို့နားမလည်နိုင်ရတာလဲ။ ကျားတောင် ကိုယ့်သားသမီးကိုယ် ထိခိုက်အောင်မလုပ်ဘူး။ အရှင်မင်းကြီး မင်းဝေကို ပြန်ခေါ်လိုက်ပါတော့။ သူ့ကို မင်းသားဂုဏ်မပေးချင်ရင်လဲ နန်းကျမင်းသား

အနေနဲ့ပဲ ထားလေ၊ နင်းဂုတလို နေရာမျိုးမှာတော့ မထားပါနဲ့..."

ကျုံးဇီဟန်သည် မယ်တော်ကြီး၏ စကားကို ရုတ်တရက် ရပ်တန့်လိုက်သည်။ သူမ၏ စိတ်လှုပ်ရှားမှုကြောင့် စိုစွတ်နေသော မျက်လုံးများဖြင့် သူ၏အေးစက်စက် မျက်လုံးများကို ကြည့်လိုက်သည်။ သူမ လက်ကို လှမ်းကိုင်လိုက်သည်နှင့် ကျုံးဇီဟန်၏ အသံသည် ပို၍ပင် အေးစက်လာသည်။

"မယ်တော်ကြီး နိုင်ငံရေးဆိုတာ ဝင်စွပ်ဖက်လို့ မရဘူး၊ ဒါ မယ်တော်ကြီးလဲ သိတဲ့ စည်းကမ်းပဲ၊ မယ်တော်ကြီးက ဘယ်လို မေ့နေရတာလဲ"

မယ်တော်ကြီးက ဒေါသူပုန်ထခဲ့သည်။ အဲဒီနောက်မှာတော့ သူမဟာ ပြန်လည်တည်ငြိမ်လာ

လေသည်။ သူမက ကျုံးဇီဟန်ကို အေးစက်စွာ ကြည့်ပြီး နောက်ဆုံးမှာတော့ တိုးတိုးလေးပြော လိုက်သည်။

"ဟုတ်ကဲ့ မယ်တော် ကောင်းကောင်းအိပ်ပါ။ သားတော် နောက်ရက်ကျမှ လာတွေ့ပါမယ်"

ကျုံးဇီဟန်သည် ဖြည်းညှင်းစွာထကာ အိပ်ဆောင်ထဲမှ ထွက်လာခဲ့သည်။

***

# အခန်း ၃၅
# ယို့တန်ချွန်း

*

"အရှင်မင်းကြီး၊ ပြန်ကြွတော်မူပါမယ်"

မိန်းမစိုး၏ စူးရှသောအသံပြီးနောက် မယ်တော်ကြီးသည် ရုတ်တရက် သွေးများအန်ထွက်လာလေသည်။

"မယ်တော်ကြီး၊ မယ်တော်ကြီး"

မယ်တော်ကြီး၏ အစေခံ ပိချောင်သည် အသံကြားပြီးနောက် အိပ်ခန်းထဲသို့ အမြန်ပြေးသွားခဲ့သည်။ ကြမ်းပြင်ပေါ်ရှိ သွေးစက်များကို ကြည့်

ပြီး ကြောက်ရွံ့ထိတ်လန့်ကု ခြေထောက်များ ပျော့ပျောင်းလာသဖြင့် ကုတင်ရှေ့တွင် ဒူး ထောက်ထိုင်ချလိုက်သည်။ အမြန် မယ်တော် ကြီး၏ ပါးစပ်ကို သုတ်ကာ မျက်ရည်များဖြင့်

"မယ်တော်ကြီး ဘယ်လိုဖြစ်ရတာလဲ။"

"စစ်ယောင် စစ်ယောင်..."

မယ်တော်ကြီးသည် ခေါင်းကို ငုံ့ကာ ခါလိုက် သည်။

"စစ်ယောင် အရိုးတော် တောင်းပန်ပါတယ် မင်းကို တကယ် တောင်းပန်ပါတယ်... "

"သမားတော် သွားခေါ်ကြ သမားတော် အ မြန်။"

အစေခံက အမြန် မယ်တော်ကြီးအား လှဲ လျောင်းစေပြီးမှ သမားတော်ကို ခေါ်ခိုင်းသည်။

နေရောင်အောက်တွင် တံခါးကို ဖြည်းညှင်းစွာ ဖွင့်တပ်သွားသည့် ကျုံးဇီဟန်၏ မျက်နှာသည် စိတ်တိုနေပုံပေါ်သည်။ သူ့မေးစေ့ကို လက်တစ်ဖက်နှင့် ကိုင်ကာ နန်းတော် နံရံအနီပေါ်ရှိ သစ်ကိုင်းများနှင့် နွယ်များ ရောင်ပြန်ဟပ်နေသည့် ဘီလူးတစ်ကောင်ဟု ထင်ရသည့် အရိပ်ကို ကြည့်လိုက်သည်။

"မယ်တော်ကြီးရဲ့ ခန္ဓာကိုယ်က သိပ်မကောင်းတဲ့ပုံပါပဲ။ စီနင်းနန်းဆောင်က တော်ဝင်သမားတော်ကို သွားပင့်နေကြတာပါ။"

ကျုံးဇီဟန်သည် မျက်ခုံးများကို တင်းတင်းကြပ်ကြပ် ကြုံ့ထားပြီး နံရံပေါ်ရှိ သစ်ကိုင်းများနှင့် နွယ်ပင်များ၏ ရောင်ပြန်ဟပ်မှုကို စိုက်ကြည့်နေသည်။ အကြာကြီး တိတ်နေပြီးနောက် သူက

ကျိုးရှုပ်ဟိုင်သည် နွေဦးပန်းပင်များကို ကြည့်လိုက်ရင်း သူ့မျက်နှာမှာ အနည်းငယ် ကြောက်လန့်သွားသည်။ သူက တိုးတိုးပြောလိုက်သည်။

"အရှင်မင်းကြီး၊ ဒါစတုတ္ထမင်းသားလေးမွေးလာတုန်းက စိုက်ဖို့ အမိန့်ပေးထားတာတဲ့အပင်တွေပါ။"

ကျောက်ကွေ့ဖေးသည် "ယွီတန်ချွန်း"ကို အနှစ်သက်ဆုံးဖြစ်သော်လည်း ယွီတန်ချွန်းသည် တောင်ဘက်ရှိ ပန်းပင်တစ်ပင်ဖြစ်သည်။ မြောက်ဘက်ရှိ လေအေးသည် ယွီတန်ချွန်းကို စိုက်ရန် မလွယ်ကူပေ။ သို့သော်လည်း အရှင်မင်းကြီးက ဂရုတစိုက် ပြုစုပျိုးထောင်ရန် အမိန့်ပေးခဲ့သည်။ နောက်ဆုံး စတုတ္ထမင်းသားလေး ဖွားမြင်တဲ့နှစ်၌ ကေရာဇ်မြို့တော်မှာ

အမြစ်ကို စိုက်ထားခဲ့ပြီး ယွိတန်ချွန်းပန်းများသည် နှစ်စဉ်ပွင့်နေခဲ့သည်။

ကျုံးဇီဟန်က စကားမပြောဘဲ ကျိုးရှူဟိုင်ကို မျက်စောင်းထိုးလိုက်သည်။ ကျိုးရှူဟိုင်က အမြန်ပင် သူ့ကို ဦးညွှတ်ပြီး

" ကျောက်ကွေ့ဖေးက ညစာပြင်ဆင်ပေးထားပါတယ်တဲ့ "

"မယ်မယ်၊ အရှင်မင်းကြီး ကျွန်တော်တို့နန်းဆောင်ကို လာတော့မယ်ထင်ပါရဲ့၊ ကျင်းယွမ်ဂိတ်ကို ကျော်လာပြီ"

ယန်ရှီး နန်းဆောင်ရဲ့ ခေါင်းဆောင် မိန်းမစိုးက ဝမ်းသာအားရ ဝင်လာပြီး

ကျောက်ကွေ့ဖေး အရမ်းပျော်သွားခဲ့သည်။ အမြန် လှပသော အဝတ်အစားများနှင့် လက်ဝတ်

ရတနာများကို ခင်းကျင်းနေစဉ် သူမ၏နောက်ကွယ်မှ တတိယမြောက်မင်းသား ကျုံးမင်းကျန်းအားအပြုံးဖြင့် ပြောလိုက်သည်။

"ဒီနေ့ မိတ်ကပ်လိမ်းရင် လှပ့ါမလား၊ များသွားမလားမသိဘူး။"

"မယ်တော်က နဂိုကတည်းကလှပြီးသားပါ၊ ပေ့ါပေ့ါပါးပါးဖြစ်ဖြစ် ထူထပ်တဲ့မိတ်ကပ်ပဲ ဖြစ်ဖြစ် အမြဲလှပါတယ်"

ကျုံးမင်းကျန်းက ပြုံးလျက် ကျောက်ကွေ့ဖေးကို ခန်းမအပြင်သို့ ခေါ်ဆောင်ရင်း

"ခမည်းတော်က မယ်တော့်ကို ကောင်းကောင်း ဆက်ဆံတာပဲ၊ ပွဲတော်ရက်တွေမှာ မယ်တော့်ဆီ ကိုလာတယ်။"

"သားတော် ပြောတာမှန်တယ်။ အရှင်မင်းကြီး

က မယ်တော်တို့နန်းဆောင်ကို အရမ်းကြင်နာပေးတယ်။ ဒါပေမယ့် တချို့ ဒါကိုမမြင်နိုင်တဲ့ နှိမ့်ချတဲ့လူတချို့ရှိနေသေးတယ်လေ။ မယ်တော်တို့နန်းဆောင်ကို ပြိုင်ပြီး မျက်နှာသာရဖို့ တိုက်ခိုက်နေကြတာ အရှက်လဲမရှိဘူး။"

သူမက အေးစက်စွာ ဟစ်အော်လိုက်သည်။ သူမလက်ကို မြှောက်လိုက်ပြီး အနီရောင်ပတ္တမြားနားကပ်အသစ်ကို ညင်သာစွာ ပွတ်သပ်လိုက်သည်။ ခမ်းနားထည်ဝါစွာ ကွပ်ထားသော ရွှေသည် အရောင် တောက်ပနေခဲ့သည်။

***

## အခန်း ၃၆
## ကိုယ်လုပ်တော်

*

"မယ်တော့်ကို ဘာပြောလို့လဲ"

ကျုံးမင်းကျန်းက ဘေးတိုက်မျက်နှာထားဖြင့် မေးသည်။

"မင်းက ပါးနပ်သားပဲ...ပြောနေကျတွေပါပဲ"

ကျောက်ကွေ့ဖေးက ညည်းတွားသည်။

"ဒီနေ့ နန်းတော်ထဲမှာ ဒုတိယမင်းသား ကျုံးမင်းကော ရောက်နေတယ်လို့ သားတော်ကြားတယ်။ ကိုယ်လုပ်တော်ရဲ့ အမိန့်အရ နဂါးလှေ

တော်ပွဲတော်အတွက် နန်းတော်ထဲမှာ အတူလာဆင်နွှဲတာတဲ့၊ ဒါကြောင့် အရှင်မင်းကြီးကို ဖိတ်ခေါ်ခဲ့လောက်တယ်"

ကျိုးမင်းကျန်းက ပြုံးပြီး ကူညီရင်း ပြောသည်။

"ဒါပေမယ့် ခမည်းတော်က ဒီကို လာခဲ့တယ်လေ။ ခမည်းတော်က ကိုယ်လုပ်တော်နဲ့ ဒုတိယမင်းသား ကျိုးမင်းကောကို ဂရုမစိုက်ဘူးဆိုတာ သိသာတယ်။"

"ဒင်းရဲ့ ယုတ်မာတဲ့ပုံစံက နောက်ခံမကောင်းတာ မြင်နေရတာပဲ၊ တချိန်လုံးသေတော့မလိုပုံစံလုပ်လုပ်ပြနေတာ။ ပြီးတော့ ဒုတိယမင်းသားကျိုးမင်းကောကလဲ သူ့အမေအတိုင်းပဲ။ သူ့အမေကိုအရမ်းချစ်တယ်ဆိုပြီးတော့ မျက်နှာက အရေပါတွန့်ပြီး အဝါရောင်တောင်ပြောင်းနေပြီ။

လမ်းလျှောက်ရင်လဲ ဆောင့်ကြွားကြွားနဲ့။ ဘယ်လိုလုပ် အပေါ်တက်နိုင်ပါ့မလဲ။"

"မယ်တော်ပြောသလိုပဲ သူ့သားက ဒုတိယ မင်းသားနဲ့ကို မတူဘူး။ ဖျားနေတယ်သာပြော ပေမဲ့ သူ့မှာ သူလျှိုတွေအများကြီးရှိတယ်။ ခမည်းတော်ရှေ့မှာပဲ တစ်နေ့လုံး သနားချင် ယောင်ဆောင်နေတာ"

ကျုံးမင်းကျန်းက ရုတ်တရက် တွေးတောရင်း ပြောသည်။

ရေကျောက်သည် နွေဦးရာသီတွင် ဖြစ်လေ့ရှိ သော အရေပြားရောဂါဖြစ်ပြီး ခန္ဓာကိုယ်ကို ထိခိုက်မှုမရှိသည့်အပြင် သွေးခုန်နှုန်း အခြေအနေမှာလည်း ပုံမှန်ဖြစ်သည်။ မျက်နှာ ပေါ်တွင် သေးငယ်သော ပဲစေ့အရွယ် အဖုလေး

ငါးလုံးသာ ပေါက်ပြီး မနာကျင်သလို ယားယံခြင်းမရှိ။ နှစ်ဝက်ကြာသောအခါတွင် ပြည်တည်နာများ သက်သာလာသော်လည်း လူတစ်ဦးနှင့်တစ်ဦးကွဲပြားကာ အမာရွတ်များ ကျန်ခဲ့နိုင်ပြီး ကုသရန် နည်းလမ်းမရှိသည့်အပြင် ကူးစက်နိုင်သောကြောင့် ရေကျောက်ပေါက်သူသည် ဆိတ်ငြိမ်ရာအရပ်ကိုသာ ရှာဖွေနိုင်ကာ တစ်ယောက်တည်း ပြန်လာကုစားရမည် ဖြစ်သည်။

"စတုတ္ထမြောက်ညီက နှစ်ဝက်လောက် အားလပ်ရက်ရတော့ အရမ်းပျော်နေလောက်မယ်"

"စတုတ္ထညီရဲ့ ခါးသိုင်းက အများကြီးတိုးတက်လာတယ်လို့ ကျွန်တော်ထင်တယ်။"

ကျောက်ကွေ့ဖေးက ဒီလိုပြောပေမယ့် သူမရဲ့ နှုတ်ခမ်းထောင့်က ညင်ညင်သာသာ ကွေးညွတ်နေသည်။ "ဒုတိယမင်းသား ကျိုးမင်းကောလောက် မမိုက်သေးဘူး။ မင်းရောပဲ၊ ခမည်းတော်ရှေ့များများသွားသင့်တယ်။ မင်းက ဒုတိယမင်းသားထက် သုံးနှစ်လောက်ပဲ ငယ်တာဘယ်လိုလုပ် ဒီ့လောက်တောင် မယှဉ်နိုင်ရတာလဲ"

ကျိုးမင်းကျန်းသည် တစ်ခုခုပြောတော့မည့်အချိန် မိန်းမစိုးဝင်လာသည်ကို မြင်လိုက်ရသည်။ သူသည် ရှေ့သို့ ခြေလှမ်း လှမ်းလိုက်ပြီး ကျောက်ကွေ့ဖေး ရှေ့မှာ ဒူးထောက်လျက်

ကျောက်ကွေ့ဖေး ၏ မျက်နှာသည် ရုတ်တရက် ဖြူဖျော့သွားပြီး

"မဟုတ်ပါဘူး အရှင်မင်းကြီးက ကျင်းရန်နန်းဆောင်ထဲကို ဝင်သွားပါတယ်။"

နောက်တစ်စက္ကန့်တွင် ကျောက်ကွေ့ဖေးသည် မိန်းမစိုးအား မြေပေါ်သို့ ကန်ချလိုက်ရာ နန်းတော်သူအားလုံး ထိတ်လန့်စွာ ဒူးထောက်လိုက်ကြသည်။

"မယ်မယ် စိတ်လျှော့ပါ။"

***